ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်

ပြည်ထောင်စုလွှတ်တော် ပဉ္စမအကြိမ် အစည်းအဝေးသို့ တင်သွင်းသည့် လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ

နိဒါန်း

၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်က လက်နက်အားကိုးဖြင့် ဥပဒေမဲ့အာဏာ သိမ်းယူခဲ့ခြင်းကြောင့်မြန်မာနိုင်ငံ၌ လက်နက်အားကိုး၍ အာဏာသိမ်းယူမှုဖြစ်စဉ်အား ထပ်မံမပေါ်ပေါက်စေရန် စစ်အာဏာရှင်များလုံးဝချုပ်ငြိမ်းသွားရေးနှင့် ပြည်ထောင်စု တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများဖြင့် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် ထူထောင်သွားရေးကို ရည်မှန်းချက်တစ်ရပ်အဖြစ် ချမှတ်ကြိုးပမ်းလျက်ရှိပါသည်။

၂။ ထို့ကြောင့် ပြည်သူ့ဘဏ္ဍာငွေဖြင့် ဝယ်ယူထားသည့်လက်နက်များဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ တိုင်းရင်းသားပြည်သူတို့အပေါ်၌ အနိုင်ကျင့်ဖိနှိပ်နိုင်ရန် ကြိုးပမ်းနေသည့် စစ်အာဏာရှင်များအား အတူတွန်းလှန်တိုက်ထုတ်ပြီး ဖက်ဒရယ်နှင့်ဒီမိုကရေစနစ်အား အတူတကွ ကြိုးပမ်းတည်ဆောက်သွားနိုင်ရန် ၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် တိုင်းရင်းသား တော်လှန်အရေးအဖွဲ့အစည်းများအား အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်ကြေညာချက်အား အပြီးတိုင် ပယ်ဖျက်ကြောင်း ကြေညာခဲ့ပါသည်။

ကော်မတီဖွဲ့စည်းခြင်း

၃။ ထို့ပြင် အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြည်သူ့ကာကွယ်ရေးတပ်မတော် ဖွဲ့စည်းတည်ထောင်မှုကို သဘောတူအတည်ပြုပေးခဲ့ပြီး နိုင်ငံတကာဥပဒေများနှင့်စံနှုန်းများကို လေးစားလိုက်နာသော ခေတ်မီပြည်သူ့တပ်မတော်တစ်ရပ်ပေါ်ပေါက်စေရန် လိုအပ်မည့် ဥပဒေ၊ မူဝါဒ အကြံပြုချက်များနှင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နိုင်ရန် လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာကော်မတီကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင် စုစုပေါင်း (၁၅) ဦးဖြင့် ကော်မတီလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ကော်မတီ၏ ရည်ရွယ်ချက်

၄။ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာကော်မတီသည် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနတို့၏ လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဘတ်ဂျက်ခွဲဝေသုံးစွဲမှုဆိုင်ရာကိစ္စရပ်များအား စောင့်ကြည့်လေ့လာရန်နှင့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသခံပြည်သူ့ကာကွယ်ရေးအဖွဲ့များအကြား ကြားခံဆက်သွယ်ဆောင်ရွက်ပေးရန် ရည်ရွယ်ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။

ကော်မတီ၏ ဦးစားပေးဆောင်ရွက်နေမှုများ

၅။ ကော်မတီသည် ကော်မတီ၏ လုပ်ငန်းလမ်းညွှန်နှင့်အညီ အောက်ပါကိစ္စရပ်များကို ဦးစားပေး၍ ဆောင်ရွက်လျက်ရှိပါသည်-

(က) ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး အကြံပြုတိုက်တွန်းခြင်းနှင့် ကြားခံဆက်သွယ်ဆောင်ရွက်ပေးခြင်း၊

(ခ) ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပ.အ.ဖ)၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပ.က.ဖ)၊ ပြည်သူ့လုံခြုံရေးအဖွဲ့ (ပ.လ.ဖ) စသည့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏

အသံများကိုကြားနာပြီး လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို မူဝါဒအရ ဆွေးနွေးပေးခြင်း၊

(ဂ) ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ လွှတ်တော်ကိုယ်စားပြုအဖွဲ့အစည်းများ၏အသံကို နားထောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြဆွေးနွေးပေးခြင်း၊

(ဃ) ပြည်သူလူထု၏ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဥ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြအကြံပြုခြင်း။

၆။ ထို့ပြင် ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသော ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ အစည်းအဝေးများသို့ တက်ရောက်ခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသော စစ်ရေးချုပ်၊ စစ်ဥပဒေဌာနခွဲနှင့် တွေ့ဆုံဆွေးနွေးခြင်းများလည်း ဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီပုံမှန်အစည်းအဝေးများကို အပတ်စဥ်ပြုလုပ်ပြီး ပြည်သူများ၏အသံကို ပြည်သူ့ကိုယ်စားလှယ်များထံမှတစ်ဆင့် နားထောင်ပေးခြင်း၊ ပြည်သူများသိရှိလိုသည့် လုံခြုံရေး နှင့်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဥ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ စာဖြင့်ဖြစ်စေ၊ အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံခြင်းဖြင့်ဖြစ်စေ မေးခွန်းများ မေးမြန်းပေးခြင်း၊ စစ်ရာဇဝတ်မှုများနှင့်စပ်လျဥ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အကြံပြုတိုက်တွန်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၇။ ကော်မတီစတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့အထိ တွေ့ဆုံဆွေးနွေးမှုပေါင်း (၄၅) ကြိမ်ရှိခဲ့ပါသည်။ ကော်မတီပုံမှန်အစည်းအဝေး ကျင်းပပြုလုပ်ခြင်း (၂၆) ကြိမ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးခြင်း (၁၄)ကြိမ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားပြုကော်မတီမှဖွဲ့စည်းထားသော လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာကော်မတီ နှင့်တွေ့ဆုံဆွေးနွေးခြင်း (၁)ကြိမ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ဖြစ်မြောက်ရေးကော်မတီ နှင့်တွေ့ဆုံဆွေးနွေးခြင်း (၁) ကြိမ်၊ စစ်ရေးချုပ်၊ စစ်ဥပဒေဌာနခွဲနှင့် တွေ့ဆုံဆွေးနွေးခြင်း (၁)ကြိမ်နှင့် နိုင်ငံတကာပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂) ကြိမ် ပြုလုပ်နိုင်ခဲ့ပါသည်။

၈။ ထို့ပြင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအတွက် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး Cyber Security Awareness Session (၁) ခုအား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး 'လက်ရှိနှင့်အနာဂတ်တွင် ဆောင်ရွက်သင့်သော လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍဆိုင်ရာကိစ္စရပ်များ' ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ (၁) ခုကိုလည်း နိုင်ငံတကာပညာရှင်တစ်ဦးနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ပြည်သူ့ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများ ဆွေးနွေးဆောင်ရွက်ခြင်း

၉။ ကော်မတီသည် အမျိုးသားညီညွတ်ရေးအစိုးရက ဖွဲ့စည်းတည်ထောင်ထားသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတကာစစ်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် လိုက်နာရမည့်ကျင့်ဝတ်များ လိုက်နာကျင့်သုံးမှုပိုမိုအားကောင်းလာစေရန် ကာကွယ်ရေးဝန်ကြီးဌာနနှင့်တွေ့ဆုံ၍ အကြံပြုတင်ပြလျက်ရှိပါသည်။ ထို့ပြင်လက်ရှိကာလနှင့် တော်လှန်ရေးအလွန်ကာလများ၌ လိုအပ်လာမည့် ပြည်သူ့ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာအစီအမံများ၊ ပြည်သူ့လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတကာပညာရှင်များအားဖိတ်ခေါ်၍ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်လျက်ရှိပါသည်။

အနာဂတ်လုပ်ငန်းအစီအစဉ်များ

၁၀။ တော်လှန်ရေးအလွန်ကာလတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် နွေဦးတော်လှန်ရေးကာလအတွင်း အသက်ပေးဆပ်ခဲ့ကြရသည့် ဒေသခံတော်လှန်ရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်နိုင်ရန် မှတ်တမ်းပြုစုခြင်း၊ ၎င်းတို့၏မိသားစုဝင်များအား ထောက်ပံ့ခြင်း၊ ကိုယ်လက်အင်္ဂါဆုံးရှုံးသွားကြရသူများအတွက် ဘဝအာမခံချက်ရှိမည့် ပညာသင်ကြားခွင့်နှင့် အလုပ်အကိုင်ဖန်တီးပေးခြင်းတို့နှင့်စပ်လျဉ်း၍လည်း ဥပဒေ၊ မူဝါဒများကို လေ့လာသုံးသပ်နိုင်ရန် ကျွမ်းကျင်ပညာရှင်များဖိတ်ခေါ်၍ ဆွေးနွေးပွဲများ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၁၁။ ထို့ပြင် အသွင်ကူးပြောင်းရေးကာလနှင့် အနာဂတ်ကာလများတွင် ဆောင်ရွက်ရမည့် လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ စစ်လက်နက်များ ဖျက်သိမ်းရေးနှင့် ပေါင်းစည်းရေးလုပ်ငန်းစဉ်များ၊ အရပ်သားအစိုးရ၏ ကွပ်ကဲမှုအောက်ရှိ ဖက်ဒရယ်တပ်မတော်၏သဘောသဘာဝများ၊ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဥပဒေပြဌာန်းချက်များနှင့် မူဝါဒများကိုလည်းဥပဒေပြုရေးလွှတ်တော်၏ အမြဲတမ်းကော်မတီတစ်ရပ်အနေဖြင့် အနာဂတ်ကို မျှော်မှန်းကာ ကြိုတင်လေ့လာသုံးသပ်ဆွေးနွေးလျက်ရှိပါသည်။

နိဂုံး

၁၂။ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာကော်မတီသည် တော်လှန်ရေးကာလအတွင်း ပေါက်ဖွားလာသည့် ကော်မတီဖြစ်သည့်နှင့်အညီ လွှတ်တော်ကော်မတီ၏လုပ်ငန်းများကို ပီပီပြင်ပြင်ဖော်ဆောင်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပြီး အခြားတစ်ဖက်တွင်လည်း လွတ်လပ်ပြီး တရားမျှတသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် ပြည်သူများ၊ တော်လှန်ရေးအင်အားစုများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လွှတ်တော်ရေးရာကော်မတီတစ်ခုအနေဖြင့် ပြည်သူအားကိုယ်စားပြုခြင်း၊ ပြည်သူ့အသံကို နားထောင်ပေးခြင်း၊ ပြည်သူများလိုလားတောင့်တသော ပြည်သူ့အစိုးရဖြစ်စေရေး သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်းများကို ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပြီး နွေဦးတော်လှန်ရေး အရေးတော်ပုံအောင်မြင်သည်အထိ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။